**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ မေတ္တာရပ်ခံချက်ဖြင့် ဗဟိုစာရင်းအင်းအဖွဲ့မှ စီစဉ်ဆောင်ရွက်ကာ ဖွင့်လှစ်သည့် အခြေခံစာရင်းအင်း အထောက်အကူပြု သင်တန်းကို ၂၄-၄-၂၀၂၃ ရက်နေ့ တွင် Virtual စနစ်ဖြင့် ဖွင့်လှစ်**

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ မေတ္တာရပ်ခံချက်ကြောင့် ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်ဖြင့် စီစဉ်ဆောင်ရွက်သည့် **“အခြေခံစာရင်းအင်း အထောက်အကူပြုသင်တန်း ”** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၄-၄-၂၀၂၃ ရက်နေ့ နံနက် (၁၀:၃၀) နာရီအချိန်တွင် Virtual စနစ်ဖြင့်ကျင်းပခဲ့ရာ ဗဟိုစာရင်းအင်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးတို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြား ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါသင်တန်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့ မှ မေလ (၃၀) ရက်နေ့အထိ (နံနက် ၉:၃၀ နာရီ မှနေ့လယ် ၁၂:၃၀ နာရီအချိန်အထိ) ဗဟိုစာရင်းအင်းအဖွဲ့မှ သင်တန်းနည်းပြများက စာရင်းအင်းဆိုင်ရာ ဘာသာရပ်များကို အခြေခံမှအစပြုကာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းလိုအပ်ချက်များနှင့်အညီ သီအိုရီနှင့် နည်းပညာပိုင်းဆိုင်ရာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

သင်တန်းသားများအနေဖြင့် စာရင်းအင်းဆိုင်ရာအသိပညာများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် စာရင်းအင်းဆိုင်ရာခေတ်မီနည်းပညာများအသုံးပြု၍ လက်တွေ့လုပ်ငန်းခွင်တွင် ကောင်းမွန်စွာ အသုံးချနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

အခြေခံစာရင်းအင်းပြုစုရေး နည်းလမ်းကစပြီး စာရင်းအင်းကောက်ယူ ၊ စုစည်း၊ တွက်ချက်သည့် နည်းလမ်းများကို စာတွေ့ရော၊ လက်တွေ့ရော၊ ကိုယ်တိုင်ခွဲခြမ်းစိတ်ဖြာ အသုံးချတတ်စေရန် (Stata Version. 16.0) အသုံးပြုပြီး Analysis ပြုလုပ်ခြင်းဘာသာရပ်၊ Academic Report Writing အစီရင်ခံစာရေးသားခြင်း ဘာသာရပ်၊ Microsoft Power BI အသုံးပြုခြင်း ဘာသာရပ်တို့ကို လုပ်ငန်းခွင်တွင် ကောင်းကောင်း အဆင့်ဆင့်လက်တွေ့အသုံးချနိုင်စေရန် ရည်ရွယ်၍ သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရှိ ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ထမ်း (၄၄) ဦး နှင့် ပင်စင်ဦးစီးဌာနမှ ဝန်ထမ်း (၂) ဦး အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၄၆) ဦး တက်ရောက်ပါသည်။